Message Eight

# ဘုရားသခင်၏ အထူးထူးအပြားပြားသော ပညာတော်

ဖတ်ရန်ကျမ်း။ ။ သု၊၁း၂။၈း၁၁-၃၁။ ၉း၁၀။ ရော၊၁၁း၃၃။ ၁ကော၊၁း၂၄၊ ၃၀။ ကော၊၂း၂-၃။ ဧ၊၃း၁၀

**I. သုတ္တံကျမ်းက ဘုရားသခင်ကို ထိတွေ့ဆက်သွယ်ခြင်းမှတစ်ဆင့် ဘုရားသခင်ထံမှ ကျွန်ုပ်တို့လက်ခံရရှိသော ပညာကို အလေးပေး ဖော်ပြထားသည် - ၁း၂။ ၂း၁၀။ ၄း၅။ ၉း၁၀။ ၁၁း၂၈။ ၁၄း၃၃က။**

A. သုတ္တံကျမ်း၏ အကြောင်းအရာမှာ ဘုရားသခင်၏ ပညာတော်အားဖြင့် ဘုရားဝတ်မွေ့လျော်ခြင်းအသက်တာကို အသက်ရှင်ခြင်း ဖြစ်သည် - ၃း၁၃-၁၈။ ၈း၁၁။

B. သုတ္တံကျမ်း၏ အလယ်ဗဟိုကျသော စဉ်းစားချက်မှာ ကျွန်ုပ်တို့သည် ပညာကို ရှာဖွေဆည်းပူးသင့်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ဘုရားသခင်အဖို့ လက်ခံဖွယ်သော ဘုရားဝတ်မွေ့လျော်ခြင်းအသက်တာကို မြေကြီးပေါ်တွင် အသက်ရှင်နိုင်မည်ဖြစ်သည် - ၂း၁-၉။

C. ပညာသည် ဘုရားသခင်ထံမှ လာသည် "ယေဟောဝါသည် ပညာကို ပေးတော်မူတတ်၏။ အသိပညာနှင့် နားလည်ခြင်းသည် နှုတ်တော်မှလာ၏" - အငယ်၊၆။

D. ပညာသည် ရွှေ၊ ငွေနှင့် သန္တာကျောက်များထက် သာ၍ အဖိုးထိုက်ကာ၊ ကောင်းမွန်ပြီး၊ အခြားအရာမှန်သမျှထက် သာ၍ နှစ်လိုဖွယ်ရာ ဖြစ်သည် - ၃း၁၄-၁၅။ ၈း၁၁၊ ၁၉။

E. သုတ္တံကျမ်း၏ အချို့သော ဝေစုများတွင် ဘုရားသခင်၏ပညာတော်ကို ပုဂ္ဂိုလ်အဖြစ် တင်စားထားသည် - ၁း၂၀။ ၃း၁၉။ ၄း၅-၉။ ၈း၁-၃၆။

1. ဘုရားသခင်၏ပညာတော်ကို ဤပုဂ္ဂိုလ်အဖြစ် တင်စားခြင်းသည် ဘုရားသခင်ထံမှ ဓမ္မသစ် ယုံကြည်သူများအားလုံးထံသို့ ပညာဖြစ်လာသော ဘုရားဆိုင်ရာ သုံးပါးတစ်ပါးဖြစ်ခြင်းမှ ဒုတိယကို ရည်ညွှန်းခြင်းဖြစ်သည် - မ၊၁၁း၁၉။ ကော၊၂း၃။ ၁ကော၊၁း၂၄၊ ၃၀။

2. "ယေဟောဝါသည် ပညာတော်အားဖြင့် မြေကြီးကို တည်စေတော်မူ၏" - သု၊၃း၁၉က။

   a. ယေဟောဝါက မြေကြီးကို တည်စေ၍၊ ကောင်းကင်များကို မြဲမြံစေတော်မူသည့်အရှင်မှာ ဘုရားသခင်၏ပညာတော် ဖြစ်တော်မူသည့် ခရစ်တော်ဖြစ်သည် - ၁ကော၊၁း၂၄။

   b. ခပ်သိမ်းသောအရာတို့ကို ဘုရားသခင်ဖန်ဆင်းခြင်း၏ ကျွမ်းကျင်သောလက်မှုပညာသည်ဖြစ်သည့် ပညာတော်သည် ဘုရားသခင်၏ နှစ်လိုဝမ်းမြောက်ရာ ဖြစ်သည် - သု၊၈း၃၀။

   c. ခပ်သိမ်းသောအရာတို့ကို ဘုရားသခင်၏ဖန်ဆင်းခြင်းမှာ ပညာတော်နှင့် ဘုရားသခင်၏နှစ်လိုဝမ်းမြောက်ရာဖြစ်သော ခရစ်တော်မှတစ်ဆင့် ဖြစ်သည် - ၃း၁၉။ ကော၊၁း၁၆-၁၇။ ဟေဗြဲ၊၁း၂။

**II. ရောမ၊၁၁း၃၃က တွင် ဘုရားသခင်၏ပညာတော်အကြောင်း ပြောထားသည် - "အို ဘုရားသခင်၏ ကြွယ်ဝခြင်း၊ ပညာနှင့် အသိပညာတော်တို့သည် အလွန် နက်နဲစွတကား။"**

A. ပညာနှင့် အသိပညာအကြား ခြားနားချက်ကို မြင်ရန် အရေးကြီးလှပါသည် - အငယ်၊၃၃။

1. ပညာသည် စီမံခြင်းနှင့် ကြံစည်ရည်ရွယ်ခြင်း အတွက်ဖြစ်သည် - ဧ၊၁း၉။ ၃း၁၁။

2. ပညာသည် တစ်စုံတစ်ခု၏ အစပြုခြင်းအဆင့်တွင် တွေ့ရသည် - ရောမ၊၁၁း၃၆ တွင် "ခပ်သိမ်းသောအရာတို့သည် ကိုယ်တော်အထဲကလည်းကောင်း၊ ကိုယ်တော်အားဖြင့်လည်းကောင်း၊ ကိုယ်တော်အဖို့အလို့ငှာလည်းကောင်း ဖြစ်ကြ၏" ဟူ၍ ညွှန်ပြထားသည်။

3. ဘုရားသခင်သည် တုနှိုင်းရာမဲ့ အစပြုသူဖြစ်သည် - "ခမည်းတော် ဘုရားသခင် တစ်ပါးတည်း ရှိတော်မူ၍၊ ကိုယ်တော်အထဲက ခပ်သိမ်းသောအရာဖြစ်၏" - ၁ကော၊၈း၆က။

a. ဘုရားသခင်သည် များစွာသောအရာတို့ကို အစပြုထားပြီး၊ ယင်းမှာ ကိုယ်တော်၏အသိပညာအားဖြင့် မဟုတ်ဘဲ၊ ကိုယ်တော်၏ ပညာတော်အားဖြင့် ဖြစ်သည် - သု၊၃း၁၉။ ဧး၁၊ ၂၂-၃၁။

b. ဘုရားသခင်သည် ကိုယ်တော်အစပြုခဲ့သောအရာကို ယူဆောင်ကျင့်သုံးရန် လာသည့်အခါ ကိုယ်တော်၏အသိပညာကို ပြသထင်ရှားစေတော်မူသည်။

B. ဘုရားသခင်၏ပညာတော်မှာ "ကမ္ဘာမတည်မရှိမီ၊ ငါတို့၏ ဘုန်းအသရေဖြစ်စေခြင်းငှာ၊ ဘုရားသခင် စီရင်တော်မူသော ပညာ၊ နက်နဲသောအရာ၌ ဝှက်ထားသော ဘုရားသခင်၏ ပညာ" ဖြစ်သည် - ၁ကော၊၂း၇။

1. ဘုရားသခင်၏အလယ်ဗဟိုနှင့် ကျွန်ုပ်တို့မွေ့လျော်ဝမ်းမြောက်မှုအတွက် ကျွန်ုပ်တို့၏ဝေစုအဖြစ် ခရစ်တော်သည် နက်ရှိုင်း၍ အလွန်လေးနက်သော နက်နဲခြင်း၌ရှိသည့် ဘုရားသခင်၏ပညာတော်ဖြစ်သည် - ရော၊၁၁း၃၃။

2. ဘုရားသခင်အတွင်း၌ နက်နဲခြင်း၌ရှိသော ပညာတော်ရှိနေသည်။ ဤပညာတော်သည် ကျွန်ုပ်တို့၏ဘုန်းအသရေအဖို့ ခေတ်ကာလများမတိုင်မီ ကြိုတင်စီရင်တော်မူသောအရာ ဖြစ်သည် - ၁ကော၊၂း၇။

C. "ပညာနှင့် ပြည့်စုံတော်မူသော တစ်ပါးတည်းသော ဘုရားသခင်သည် ယေရှုခရစ်တော်အားဖြင့် ကာလအစဉ်အဆက် ဘုန်းကြီးတော်မူစေသတည်း။ အာမင်" - ရော၊၁၆း၂၇။

1. မြေကြီးတစ်ပြင်လုံးရှိ ဒေသန္တရအသင်းတော်များ၌ ကျွန်ုပ်တို့အားလုံးသည် ပညာနှင့်ပြည့်စုံတော်မူသော တစ်ပါးတည်းသော ဘုရားသခင်ကို ဘုန်းထင်ရှားစေကြသည်။

2. ပညာနှင့်ပြည့်စုံသောဘုရားသခင်သည် နက်နဲခြင်း၏ ဖွင့်ပြခြင်းအတိုင်း ယေရှုခရစ်ကို ကျွန်ုပ်တို့ထံ ပေးထားသည်၊ ယင်းမှာ ခေတ်ကာလများ၏ အချိန်များ၌ တိတ်ဆိတ်စွာ ထိန်းသိမ်းထားသောအရာဖြစ်၍၊ ထိုအရှင်သည် ကျွန်ုပ်တို့ကို ကယ်တင်ခဲ့သည်၊ ကျွန်ုပ်တို့ကို အသစ်မွေးဖွားခဲ့သည်၊ ကိုယ်တော်၏ဘုရားဆိုင်ရာ ဝေငှဖြန့်ဖြူးခြင်းဖြင့် ကျွန်ုပ်တို့ကို အစဉ်မပြတ် အသစ်ပြုပြင်ခြင်း၊ ပုံသဏ္ဌာန်ပြောင်းလဲခြင်း ပြုပေးသည်၊ နောက်ဆုံးတွင် ကျွန်ုပ်တို့ကို ဘုန်းထင်ရှားစေမည်၊ ဘုရားသခင့်သားဦး၏ ပုံသဏ္ဌာန်တော်သို့ သဏ္ဌာန်တူညီစေကာ၊ ဘုန်းတော်အထဲသို့ ကျွန်ုပ်တို့ကို ခေါ်ဆောင်ပေးလိမ့်မည်ဖြစ်သည် - အငယ်၊၂၅။ ၃း၂၄-၂၅။ ၅း၁၀။ ဧး၁၆၊ ၂၃၊ ၂၉။ ၁၂း၁-၂။

## III. ခရစ်တော်သည် ဘုရားသခင်၏ပညာတော်ဖြစ်သည် - ၁ကော၊၁း၂၄။

A. ဓမ္မသစ်ကျမ်းတွင် ပုဂ္ဂိုလ်အဖြစ် တင်စားခံရသော ဘုရားသခင်၏ပညာတော်သည် စစ်မှန်ခြင်းဖြစ်သည့် ခရစ်တော်ဖြစ်သည် - သု၊၈း၁၊ ၁၂။ ၉း၁။ လု၊၂း၄၀၊ ၅၂။ ၇း၃၅။ မ၊၁၁း၁၉။

1. ခရစ်တော်၏ဘုရားဖြစ်ခြင်း ပညာတော်မှာ ကိုယ်တော်၏ကိုယ်ခန္ဓာ ကြီးထွားခြင်းပမာဏ အတိုင်းအတာ၌ ဖွင့်ပြခြင်း ရှိခဲ့သည် - ကော၊၂း၂-၃။ လု၊၂း၄၀၊ ၅၂။

2. မဿဲ ၁၁း၁၉ခ တွင် ပညာတော်သည် ခရစ်တော်ဖြစ်ကြောင်း ညွှန်ပြထားသည်။

a. ခရစ်တော် လုပ်ဆောင်သည့်အရာမှန်သမျှသည် ခရစ်တော်ကိုယ်တော်တိုင် ဖြစ်တော်မူသည့် ဘုရားသခင်၏ ပညာတော်အားဖြင့် ပြုခဲ့ခြင်းဖြစ်သည် - ၁ကော၊၁း၂၄။

b. ဤပညာသည် ကိုယ်တော်၏ ပညာတော်ဖြင့် လုပ်ဆောင်ချက်များ၊ ကိုယ်တော်ပညာအလိမ္မာဖြင့်ပြုသမျှတို့အားဖြင့် မျှတစေခြင်း၊ သက်သေထူပေးခြင်း ရှိလေသည်။

3. လုကာ ၇း၃၅ တွင် သခင်ယေရှုက "ပညာတော်သည် မိမိသားရှိသမျှအားဖြင့် ဖြောင့်မှန်ခြင်းသို့ ရောက်၏"ဟုပြောခဲ့သည်။

a. ခရစ်တော်၌ ယုံကြည်သောသူများသည် ပညာတော်၏ သားများဖြစ်ကြပြီး၊ ခရစ်တော်နှင့် ကိုယ်တော်၏အလုပ်များကို ဖြောင့်မှန်စေသောသူများဖြစ်ကြကာ၊ သူတို့၏ပညာတော်ဖြစ်သည့် ကိုယ်တော်နောက်သို့ လိုက်သူများ ဖြစ်ကြသည်။

b. ခရစ်တော်၏အလုပ်မှာ ကျွန်ုပ်တို့အား ပညာတော်အသက်တာကို ဂရုစိုက်သည့် ပညာ၏သားများအဖြစ် ထုတ်လုပ်ပေးရန် ဖြစ်သည်.

B. ခရစ်တော်၌ "ပညာဘဏ္ဍာ၊ ဉာဏ်ဘဏ္ဍာ ရှိသမျှတို့သည် ဝှက်ထားလျက် ရှိသည်" - ကော၊၂း၃။

1. ဘုရားသခင်သည် ပညာနှင့် အသိပညာ၏ တုနှိုင်းရာမဲ့ အရင်းအမြစ် ဖြစ်သည်။
   a. ကျွန်ုပ်တို့သည် ပညာနှင့် အသိပညာ၏ စစ်မှန်သော အရင်းအမြစ်ကို ဘုရားသခင်ထံ၌ ခြေရာခံလိုက်ရန် လိုအပ်သည် - ၁ကော၊၈း၆။
   b. ပညာဘဏ္ဍာနှင့် အသိပညာဘဏ္ဍာရှိသမျှတို့သည် ဘုရားသခင်၏နက်နဲခြင်းဖြစ်သော ခရစ်တော်၌ ဝှက်ထားလျက်ရှိသည် - ကော၊၂း၂-၃။
2. ပညာနှင့် အသိပညာသည် ခရစ်တော်၌ ကိုယ်ထင်ရှားကိန်းဝပ်နေခြင်းအား အထူးသဖြင့် မဿဲနှင့် ယောဟန်ဧဝံဂေလိစာစောင်များရှိ မှတ်တမ်းများရှိ ကိုယ်တော်၏ နှုတ်မြွက်စကားများအားဖြင့် သက်သေပြထားသည်။
   a. ဤစာစောင်နှစ်စောင်၌ မှတ်တမ်းတင်ထားသည့် သခင်ဘုရား၏စကားတော်များမှာ အမြင့်မားဆုံးသော အတွေးအခေါ်ပါဝင်သည်။
   b. သခင်ဘုရား၏စကားတော်ရှိ ခံယူချက်မှာ နက်ရှိုင်းကာ အလွန်လေးနက်လှသည်။
3. ပညာနှင့် အသိပညာသည် ခရစ်တော်၌ ဘဏ္ဍာအဖြစ် သိုထားလျက်ရှိသည့်အလျောက် ကျွန်ုပ်တို့သည် ခရစ်တော်ကို မရရှိဘဲ၊ ပညာနှင့် အသိပညာကို ရရှိခြင်း မရှိနိုင်ပါ - ကော၊၁း၂၇။ ၃း၄၊ ၁၀-၁၁။
4. ကျွန်ုပ်တို့သည် သခင်ဘုရားကို ဆက်သွယ်ရန် ကျွန်ုပ်တို့ဖြစ်ခြင်းကို လေ့ကျင့်မည်ဆိုလျှင် အသက်ပေးသော ဝိညာဉ်တော်ဖြစ်သည့် ခရစ်တော်သည် ကျွန်ုပ်တို့၏ဝိညာဉ်နှင့် ကျွန်ုပ်တို့၏အသိဉာဏ်ကို စိမ့်ဝင်ပျံ့နှံ့ကာ၊ ခရစ်တော်၌ ဝှက်ထားသည့် ပညာနှင့် အသိပညာကို ကျွန်ုပ်တို့၏အတွေ့အကြုံတွင် ရရှိလိမ့်မည်ဖြစ်သည် - ၂း၃။

## IV. ယုံကြည်သူများအနေဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်၌ ရှိကြကာ၊ ခရစ်တော်သည် ဘုရားသခင်ထံမှ ကျွန်ုပ်တို့ထံ ပညာတော်ဖြစ်လာသည် - ၁ကော၊၁း၃၀။

A. ဖန်ဆင်းခြင်းအသစ်ဖြစ်သော ယုံကြည်သူ ကျွန်ုပ်တို့ဖြစ်သော၊ ကျွန်ုပ်တို့ရရှိသောအရာမှာ ဘုရားသခင်၏အရာဖြစ်ကာ၊ ကျွန်ုပ်တို့၏အရာမဟုတ်ပါ - ရော၊၁၁း၃၆။

B. ကျွန်ုပ်တို့၏ပညာတော်အဖြစ် ခရစ်တော်သည် အရာအားလုံးပါဝင်ကာ၊ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်းနှင့် ရွေးနုတ်ခြင်း၌ ဘုရားသခင်ထံမှ ကျွန်ုပ်တို့ထံ ပညာတော်ဖြစ်လာသည် - ၁ကော၊၁း၃၀။
1. ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းဖြစ်သည့် ခရစ်တော်အားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်က ဖြောင့်မတ်ရာသို့ ရောက်စေပြီဖြစ်ကာ၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာအသက်ကို လက်ခံရရှိရန် ကျွန်ုပ်တို့၏ဝိညာဉ်၌ အသစ်မွေးဖွားခြင်း ရှိနိုင်မည်ဖြစ်သည် - ရော၊၅း၁၈။
2. ကျွန်ုပ်တို့၏သန့်ရှင်းစင်ကြယ်ခြင်းဖြစ်သည့် ခရစ်တော်အားဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏စိတ်၌ သန့်ရှင်းစင်ကြယ်ခံရသည်၊ ကျွန်ုပ်တို့၏အသိဉာဏ်၊ ခံစားမှုနှင့် အလိုဆန္ဒ၌ ကိုယ်တော်၏ဘုရားဆိုင်ရာအသက်ဖြင့် ပုံသဏ္ဍာန်ပြောင်းလဲခြင်း ခံရကြသည် - ၁၂း၂။ ၂ကော၊၃း၁၈။
3. ကျွန်ုပ်တို့၏ရွေးနုတ်ခြင်းဖြစ်သည့် ခရစ်တော်သည် ကျွန်ုပ်တို့၏ကိုယ်ခန္ဓာ ရွေးနုတ်ခြင်းအတွက်ဖြစ်သည်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ ဘုန်းထင်ရှားသော သဏ္ဍာန်တူညီခြင်းရှိရန် ကိုယ်တော်၏ဘုရားဆိုင်ရာအသက်ဖြင့် ကျွန်ုပ်တို့၏ကိုယ်ခန္ဓာ၌ အဆင်းသဏ္ဍာန်ပြောင်းလဲခြင်း ရှိလိမ့်မည်ဖြစ်သည် - ရော၊၈း၂၃။ ဖိ၊၃း၂၁။

C. ကောရိန္သုပထမစာစောင် ၁း၃၀ ရှိ *ဘုရားသခင်ထံမှ ငါတို့အဖို့* ဟူသည်မှာ ပို့လွှတ်ဖြန့်ဖြူးခြင်းနည်းလမ်း၌ လက်ရှိဖြစ်သော၊ လက်တွေ့ကျသော၊ အတွေ့အကြုံ ဆိုင်ရာ တစ်စုံတစ်ရာကို ရည်ညွှန်းသည်။
1. ခရစ်တော်သည် ကျွန်ုပ်တို့အဖို့ ဘုရားသခင်ထံမှ ပညာတော်ဖြစ်လာခြင်းမှာ ကျွန်ုပ်တို့၏နေ့စဉ်တွေ့ကြုံခံစားမှုအတွက် ကျွန်ုပ်တို့အဖို့ ဘုရားသခင်ထံမှ ပညာတော်ဖြစ်သည့် ခရစ်တော်၏ ပို့လွှတ်ဖြန့်ဖြူးခြင်းကို ရည်ညွှန်းသည် - အငယ်၊၃၀။
2. ပညာတော်ဖြစ်သည့် ခရစ်တော်သည် ဘုရားသခင်ထံမှ ကျွန်ုပ်တို့ထံသို့ စဉ်ဆက်မပြတ် စီးဆင်းကာ၊ ကျွန်ုပ်တို့၏အတွေ့အကြုံ၌ လက်ရှိဖြစ်သော၊ လက်တွေ့ကျသော ပညာတော်ဖြစ်လာရမည်ဖြစ်သည်။

3. ကျွန်ုပ်တို့သည် ကိုယ်တော်၏ဝေငှဖြန့်ဖြူးခြင်းကို လက်ခံရရှိရန် သခင်ဘုရားနှင့်အတူ တည်နေမည်ဆိုလျှင် (ယော၊၁၅း၄-၅) ကိုယ်တော်သည် ပြဿနာများနှင့် အကြောင်းကိစ္စများအမျိုးမျိုး ကိုင်တွယ်ဖြေရှင်းရန် ကျွန်ုပ်တို့အထဲသို့ ပညာတော်အဖြစ် ပို့လွှတ်ဖြန့်ဖြူးပေးလိမ့်မည်ဖြစ်သည်။
4. ကျွန်ုပ်တို့သည် သခင်ဘုရားနှင့် တစ်လုံးတစ်ဝဖြစ်ကာ၊ ကိုယ်တော်၏ဝေငှဖြန့်ဖြူးခြင်းကို လက်ခံရရှိမည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် တစ်နေ့ပြီးတစ်နေ့၊ တစ်နာရီပြီးတစ်နာရီ ကိုယ်တော်ကို ပညာတော်အဖြစ် တွေ့ကြုံခံစားကာ မွေ့လျော်ဝမ်းမြောက်လိမ့်မည်ဖြစ်သည် - ၁ကော၊၆း၁၇။ ၁း၃၀။

## V. အသင်းတော်မှတစ်ဆင့် ဘုရားသခင်၏ အထူးထူးအပြားပြားသော ပညာတော်ကို ကောင်းကင်ဆိုင်ရာများရှိ အစိုးရသူများနှင့် အာဏာစက်များထံ သိစေလိမ့်မည်ဖြစ်သည် - ဧ၊၃း၁၀။

A. အစိုးရသူများနှင့် အာဏာစက်များသည် ကောင်းကင်တမန်ဆိုင်ရာ အစိုးရသူများ အခွင့်အာဏာများ အကောင်းနှင့် အဆိုး နှစ်ခုလုံးကို ရည်ညွှန်းသည်။
B. ဖေက်၊၃း၁၀ တွင် အထူးသဖြင့် ဆိုးညစ်သောသူ - စာတန်နှင့် သူ၏ကောင်းကင်တမန်များကို ရည်ညွှန်းသည်။
  1. စာတန်တွင် သူ၏နိုင်ငံ၊ သူ၏ကောင်းကင်တမန်နှင့် သူ၏ အစိုးရနယ်ပယ် ရှိသည် - မ၊၁၂း၂၆။ ၂၅း၄၁။ ဧ၊၆း၁၂။
    a. စာတန်၏ အစိုးရနယ်ပယ်မှာ လေထဲနှင့် မြေကြီးပေါ်၌ ဖြစ်သည် - ၂း၂။ ၁ယော၊၅း၁၉။
    b. ဒံယေလစာစောင်က မြေကြီးပေါ်ရှိ လူမျိုးအားလုံးသည် လေထဲမှ စာတန်၏အစိုးရခြင်းအောက်တွင် ရှိနေကြောင်း ညွှန်ပြထားသည် - ၁၀း၁၃။
  2. အသင်းတော်မှတစ်ဆင့် ဘုရားသခင်သည် ကိုယ်တော်၏ပညာတော်ကို အဓိကအားဖြင့် လူသားဖြစ်ခြင်းများထံ မဟုတ်ဘဲ၊ ဘုရားသခင်၏ရန်သူ နောက်သို့လိုက်သူများဖြစ်သည့် ပုန်ကန်သော ကောင်းကင်တမန်များထံသို့ ဖြစ်သည် - ဗျာ၊၁၂း၇။
C. စာတန်၏ပုန်ကန်ခြင်းသည်ပင် ဘုရားသခင့်ပညာတော်၏ နယ်ပယ်အဝန်းထဲ၌ ရှိနေသည် - ဟေရှာ၊၁၄း၁၂-၁၄။
  1. စာတန်၏ ပုန်ကန်ခြင်း မရှိခဲ့လျှင် ဘုရားသခင်၏ပညာတော်သည် အပြည့်ဝဆုံးနည်းလမ်း၌ ထင်ရှားပြသနိုင်မည်မဟုတ်ပါ။
  2. စာတန်သည် ဘုရားသခင်၏ပညာတော်အဖို့ အထူးထူးအပြားပြားသော နည်းလမ်း၌၊ အမျိုးမျိုးသော နည်းလမ်းများ၊ သွင်ပြင်များနှင့် များစွာသော ရှုထောင့်များမှ ထင်ရှားပြသနိုင်ရန် များစွာသော အခွင့်အရေးများကို ဖန်တီးပေးသည် -ဧ၊၃း၁၀။
  3. နောက်ဆုံးတွင် ဘုရားသခင်၏ရန်သူ စာတန်သည် လွှမ်းမိုးအနိုင်ယူခံရကာ၊ ဘုရားသခင်၏အထူးထူးအပြားပြားသော ပညာတော်ကို သိရှိလာလိမ့်မည်ဖြစ်သည် - အငယ်၊၁၀။
D. ဘုရားသခင်၏ရွေးချယ်ခံနှင့် ရွေးနုတ်ခံလူများသည် ခရစ်တော်၏ ကြွယ်ဝခြင်းများကို ယူဆောင်ပြီး၊ မွေ့လျော်ဝမ်းမြောက်ခြင်းရှိသောအခါ ဤကြွယ်ဝခြင်းများသည် သူတို့ကို အသင်းတော်အဖြစ် စေ့စပ်ထုံးဖွဲ့ပေးကာ၊ ထိုမှတစ်ဆင့် ဘုရားသခင်၏ အထူးထူးအပြားပြားသော ပညာတော်ကို ကောင်းကင်ဆိုင်ရာများရှိ ကောင်းကင်တမန် အစိုးရသူများနှင့် အခွင့်အာဏာများထံ သိစေမည်ဖြစ်သည် - အငယ်၊၈-၁၀။
  1. အသင်းတော်မှတစ်ဆင့် စာတန်နှင့် သူ၏ကောင်းကင်တမန်များကို အရှက်ရစေမည့်နေ့ရက်သည် ရောက်လာလျက်ရှိသည်။
  2. သူတို့က သူတို့ပြုခဲ့သမျှ အရာမှန်သမျှမှာ ဘုရားသခင်က ကိုယ်တော်၏ပညာတော်ကို ထင်ရှားပြသရန် အခွင့်အရေးကို ပေးထားခြင်းသာဖြစ်ကြောင်း သိနားလည်လာကြလိမ့်မည်ဖြစ်သည်။

## VI. အသင်းတော်၏ အဆုံးစွန်ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည့် ယေရုရှလင်မြို့သစ်သည် ပညာတော်နှင့် ပြည့်ဝနေလိမ့်မည်ဖြစ်သည် - ဗျာ၊၁း၁၁။ ၂၁း၂၊ ၉-၁၁။ ၂၂း၁၆။

A. ယေရုရှလင်မြို့သစ်သည် "တိုက်မြစ်ရှိသော မြို့"၏ ဗိသုကာနှင့် တည်ဆောက်သူဖြစ်သည့် ဘုရားသခင်အားဖြင့် ပုံစံရေးဆွဲကာ၊ တည်ဆောက်ထားခြင်းဖြစ်သည် - ဟေဗြဲ၊၁၁း၁၀။
  1. ဤသည်မှာ ဘုရားသခင်သည် ကျွမ်းကျင်သော ပုံစံရေးဆွဲသူနှင့် အမြင့်ဆုံး လက်မှုပညာရှင်ဖြစ်ကြောင်း ရည်ညွှန်းသည်။

2. ထိုသို့သော ဗိသုကာနှင့် တည်ဆောက်သူအနေဖြင့် ဘုရားသခင်သည် ရုပ်ပိုင်းဆိုင်ရာ မြို့တော်ကို ပုံစံရေးဆွဲခြင်းနှင့် တည်ဆောက်ခြင်းမဟုတ်သည်မှာ အမှန်ပင်ဖြစ်သည် - ဗျာ၊၂၁း၉-၁၁။
3. ယေရုရှလင်မြို့သစ်သည် ရုပ်ပိုင်းဆိုင်ရာ မြို့တော်ဖြစ်သည်ဟု ပြောခြင်းမှာ ဘုရားသခင်၏ပညာတော်ကို နှိမ့်ချပြောဆိုခြင်းဖြစ်ကာ၊ ထာဝရဖြစ်သော ကျွမ်းကျင်လိမ္မာသော ဗိသုကာဖြစ်သည့် ကိုယ်တော်ကို သေးသိမ်စေခြင်းဖြစ်သည် - ဟေဗြဲ၊ ၁၁း၁၀။
4. ဘုရားသခင်သည် ကိုယ်တော်၏စုပေါင်းထားသော ထင်ရှားခြင်းအတွက် ဝိညာဉ်ရေးရာ ထုံးဖွဲ့မှုတစ်ခုကို ပုံစံရေးဆွဲကာ တည်ဆောက်နေခြင်းဖြစ်သည် - ဗျာ၊၂၁း၁၀-၁၁။
5. ကိုယ်တော်၏ပညာတော်၌ ဘုရားသခင်သည် ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ ဗိသုကာနှင့် တည်ဆောက်သူအဖြစ် မိမိကိုယ်တော်တိုင်ကို ဝေငှဖြန့်ဖြူးခြင်းအားဖြင့် ယေရုရှလင်မြို့သစ်ကို တည်ဆောက်နေသည် - ဟေဗြဲ၊၁၁း၁၀။ ၂ကော၊၁၃း၁၄။ ဗျာ၊၂၁း၂။ ၂၂း၁-၂။

B. ယေရုရှလင်မြို့သစ်သည် ဝိညာဉ်ရေးရာနှင့် ဘုရားဆိုင်ရာအရာများကို ရည်ညွှန်းသည့် အမှန်လက္ခဏာဖြစ်ကြောင်း ကျွန်ုပ်တို့သိနားလည်မည်ဆိုလျှင် ဤမြို့တော်ရှိ ဘုရားသခင်၏ပညာတော်ကို စတင်မြင်လာကြလိမ့်မည်ဖြစ်သည် - ၁း၁။ ၂၁း၉-၁၁။

C. ဘုရားသခင်သည် ကိုယ်တော်၏ အထူးထူးအပြားပြားသော ပညာတော် အပြည့်အဝ ထင်ရှားပေါ်လွင်ခြင်း ရှိရန် ထိုသို့သော မြို့တော်ကို ပုံစံရေးဆွဲကာ တည်ဆောက်သော ဗိသုကာနှင့် တည်ဆောက်သူဖြစ်သည် - ဧ၊၃း၁၀။ ဗျာ၊၂၁း၂၊ ၉-၁၁။

© 2020 Living Stream Ministry